
မြနန်းစံတော်
ဆူးခတ်ပန်း

# အပိုင်း(၁)

အဲကွန်းခန်းထဲထိုင်ပြီး သူမမျက်နှာလေးမှာ ဇောချွေးတွေပြန်လို့ ... CV ဖောင်တစ်စုံရယ် ... ဆယ်တန်း အောင်လက်မှတ်လေးရယ် ... တင်းတင်း ဆုပ်ကိုင်ထားရင်း ရင်တဒိတ်ဒိတ် ခုန်နေမိသည်။

သူမ ... အလုပ်ရမှဖြစ်မည် ... ။ ဒီအလုပ်က သူမရဲ့ တစ်ခုတည်းသော မျှော်လင့်ချက် ...

"ညီမလေး အထဲဝင်လို့ရပြီ"

အတွေးလွန်နေရာ ဝန်ထမ်းမလေး အသံကြားမှ အသိဝင်လာတော့သည်။ စိတ်လှုပ်ရှားနေဟန် ရှိသည့် မျက်နှာ နွမ်းနွမ်းလေးကြောင့်လား မသိ ဝန်ထမ်းမလေးက အပြုံးချိုချိုဖြင့် ...

"ဘာမှ မကြောက်နဲ့နော် အဆင်ပြေသွားမှာပါ ..."

"ဟုတ်ကဲ့ ... ကျေးဇူးပါ မမ"

စိတ်ကို တင်းထားပြီး အင်တာဗျူးခန်းထဲ သူမ ဝင်သွားလိုက်သည်။ အခန်းထဲမှာ ဆီးကြိုနေသည်က ... သူမ မျှော်လင့်ထားသည်ထက် ခမ်းနားသော အပြင်အဆင်နှင့် ရုံးခန်းတစ်ခု ...

ပြီးနောက် ချောမော ခန့်ညားသော လူရွယ်တစ်ယောက် ...

"ထိုင်"

အာဏာဆန်ဆန် စကားသံအောက်မှာ သူမ အလိုလို အားငယ်စွာ ခေါင်း

လေးငုံ့ကာ မျက်လွှာ ချထားမိသည် ...

"မင်းနာမည်က ... အက္ခရာမေနော်"

"ရှင် ... ဟုတ်ပါတယ်"

"ကလေး၂ယောက်ကို စာပြဖို့ လျှောက်ထားတယ်"

"ဟုတ်ပါတယ်ရှင့် ..."

"စာသင်တဲ့ အတွေ့အကြုံ မရှိဘူး"

"ဟုတ် ... ဒါပေမဲ့ ညီမကြိုးစားပြီး လုပ်မှာပါ"

အလုပ်မရမှာ စိုးရိမ်သည့်စိတ်နှင့် သူမပြောလိုက်တော့ သူက ခေါင်းတစ်ချက်ညိတ်ပြီး ...

"ရတယ် ... ဒါက အရေးမကြီးဘူး အရေးကြီးတဲ့ အပိုင်းတွေပြောမယ်"

"ဟုတ်ကဲ့ ..."

"မင်းစာသွားပြရမယ့် နေရာက ဒီမြို့ထဲ မဟုတ်ဘူး ရန်ကုန်မြို့နဲ့ အဝေးကြီးမှာ တစ်နှစ်ပတ်လုံး သွားနေပြီး လုပ်ရမယ်"

"ရှင်"

သူမ အံ့ဩ မှင်တက်စွာ သူ့ကို မော့ကြည့်မိသည်။ သူက သူမယူလာသည့် စာရွက်စာတမ်းတွေကို ယောင်၍ပင် မကြည့် ... သူမမျက်နှာကိုသာ စေ့စေ့ကြည့်ရင်း ...

"ဒါကြောင့် မတန်တဆ လစာပေးထားတာ"

"..."

"ဒီအလုပ်ကို မင်းလုပ်နိုင်မယ်လို့ မျှော်လင့်တယ် ... ဒါကြောင့်လည်းပဲ လူတွေအများကြီးထဲက မင်းတစ်ယောက်တည်းကိုပဲ ကိုယ်ရွေးခဲ့တာ"

"ရှင် ..."

"ဘွဲ့တစ်ခုတောင် မရခဲ့တဲ့မင်းက ဒီခေတ်ကြီးမှာ ဒီလစာရဲ့ လေးပုံတစ်ပုံတောင် မရနိုင်ဘူးဆိုတာ မင်းအသိဆုံး နေမှာပါ"

"ကျွန်မ ..."

"တစ်နှစ်ပြည့်တဲ့ အခါကျရင် လစာရဲ့၁၀ဆကို bonous အနေနဲ့ ကိုယ်မင်းကို ပေးမယ်"

သူမ မတင်မကျတဲ့ စိတ်ဖြင့် သူ့ကို မဝံ့မရဲ မော့ကြည့်မိရင်းနှင့်

"စာသင်ရုံ သပ်သပ်ပဲလားရှင့် ... ဟိုခံစားခွင့်တွေက များလွန်း ..."

"စိတ်ချ ... အကွာရာမေ မဟုတ်တာ ဘာတစ်ခုမှ မင်းမလုပ်စေရဘူး"

"စိတ်မရှိပါနဲ့ ... ဘာကြောင့် ကျွန်မကို ရွေးချယ်ခဲ့ရသလဲဟင်"

သူတစ်ချက် ပြုံးလိုက်သည် ... အင်မတန်ကို ဆွဲဆောင်မှုရှိသော အပြုံးတစ်ခုဆိုတာ ...

"မင်းအခြေအနေက မင်းကို ဒီအလုပ်လုပ်ဖို့ ဖိအားတစ်ခု ဖြစ်စေတယ်ဆိုတာ ကိုယ်ကောင်းကောင်း နားလည်ထားလို့ပဲ"

"ရှင် ..."

"ပွင့်ပွင့်လင်းလင်း ပြောရရင် ... ကိုယ်မင်းနောက်ကြောင်းကို သေချာစုံစမ်းပြီးသားပါ ..."

"ရှင် ..."

ထင်မှတ်မထားသည့် စကားကြောင့် အံ့ဩစိတ်နှင့်အတူ သူမရင်ထဲ ရှုပ်ထွေးသွားမိသည်။ ဘာပြောရမှန်း မသိအောင် မှင်တက်နေသည့် သူမမျက်နှာလေးကို သူက စေ့စေ့ကြည့်ပြီး ...

"မင်းယုံကြည်ဖို့ ခက်တဲ့ အချို့အရာတွေ ရှိကောင်းရှိလိမ့်မယ် ဒါပေမဲ့ မင်း မဟုတ်တာ မလုပ်စေရဘူး ဆိုတာ ကိုယ်ရဲရဲကြီး အာမခံတယ်"

"ဟို ... ဘယ်နေရာမှာ လုပ်ရမလဲဆိုတာ သိလို့ရမလား ..."

"ရှမ်းပြည်နယ်မှာရှိတဲ့ မြို့တစ်မြို့ မင်းမျိုးနွယ်တစ်စု ဆက်ခံတဲ့ စံအိမ်ကြီး က မျိုးဆက်ကလေး နှစ်ယောက်ကို စာသင်ရမယ် အဲဒီကလေး နှစ်ယောက် ကို သူတို့ အုပ်ထိန်းသူတွေက ကျောင်းမထားဘူး ဆရာခေါ်ပြီး အိမ်မှာပဲ ခေါ်သင်တယ် ဘာကြောင့် ကျောင်းမထားသလဲ ဆိုတာတော့ သူတို့ အကြောင်းနဲ့ သူတို့ရှိလိမ့်မယ် ..."

"သူတို့က ဘယ်အရွယ်တွေလဲဟင် ..."

"၆နှစ်အရွယ် မိန်းကလေးနဲ့ ၈နှစ်အရွယ် ယောကျ်ားလေးပါ မင်းရင်ထဲမှာ သံသယတွေ ရှိနေမယ်ဆိုတာ ကိုယ်သိတယ် ... မင်းဘက်က ဒီအလုပ်ကို လက်ခံလိုက်တာနဲ့ မင်းအမြင်ရှင်းတဲ့ထိ ကိုယ်ရှင်းပေးနိုင်တယ် ... နာမည် ရှိနေတဲ့ ကုမ္ပဏီတစ်ခုက မင်းကိုလိမ်မယ်လို့ မထင်လိုက်နဲ့ ... စိတ်ချ အမိ"

သူမ သက်ပြင်းသဲ့သဲ့လေး ချလိုက်မိသည်။ နားမလည်နိုင်စရာ ရှိသည့် တိုင် သေရေးရှင်ရေး တစ်ခုလို ငွေလိုအပ်နေသော သူမအတွက် ဘာမှထွေး ထွေးထူးထူး မတွေးနိုင်ပါ ... မက်လောက်စရာ စိန်ခေါ်နေသည့် ငွေကြေး တစ်ခုမှာ သူမစိတ်တွေ ဘယ်လိုပင် နစ်မြုပ်နေသော်လည်း ... အားငယ်မှု တွေနှင့် အမြဲသိမ်ငယ်နေသည့် အမှောင်ထုထဲက မျက်ဝန်းတစ်စုံ ...

ဟင့်အင်း ... မဖြစ်ပါ ... သူမ ... အဝေးကြီးကို သွားဖို့ ဘယ်လိုမှ မဖြစ်နိုင် ပါ။

သူမထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး ...

"ဝမ်းနည်းပါတယ် ... ကျွန်မ မလုပ်နိုင်ပါဘူး ရှင်ပြောသလို ဒီလစာက

ကျွန်မအတွက် မက်လောက်စရာ ကောင်းလွန်းပါတယ် ... ဒါပေမဲ့ ကျွန်မ တကယ် မလုပ်နိုင်လို့ပါ ... ခွင့်ပြုပါရှင်"

"မင်း ... မောင်လေးကြောင့်လား"

လှည့်ထွက်ရန် ပြင်သည့် သူမခြေလှမ်းတွေ ဆတ်ခနဲ ရပ်တန့်သွားမိသည်။ သူကနားလည်ရ ခက်သည့် အပြုံးဖြင့် ...

"မျက်လုံးမမြင်တဲ့ တစ်ဦးတည်းသော မောင်လေးကို မိထွေးလက်ထဲ မင်း မထားခဲ့နိုင်ဘူး ဆိုတာ ကိုယ်သိပါတယ်"

သူမသူ့ကို အံ့သြ တုန်လှုပ်စွာ ငေးကြည့်မိရင်း ...

"ရှင် ... ဘယ်လိုသိထားသလဲ"

"မင်းအကြောင်းတွေ သေချာ စုံစမ်းပြီးသားဆိုတာ ဟာသပြောနေတာမှ မဟုတ်တာ ဒီထက် ပိုကောင်းတဲ့ ကမ်းလှမ်းမှုတစ်ခု ကိုယ်လုပ်မယ် ... တကယ်လို့ မင်းဒီအလုပ်ကို သဘောတူ လက်ခံမယ်ဆိုရင် မင်းမောင်လေး မျက်လုံးပြန်မြင်ဖို့ ကိုယ်တာဝန်ယူတယ်"

"ရှင် ..."

ယုံကြည် မျှော်လင့်ထားခြင်း မရှိသည့် စကားက သူမကို တုန်လှုပ်သွားစေသည်။ လက်ထဲတွင် ဆုပ်ကိုင်ထားသည့် စာရွက်အချို့က အောက်သို့ ပြန့်ကျဲသွားလို့ ...

အသိတစ်ချက် လွတ်သွားမိသည်အထိ အံ့သြမိရင်း လျှို့ဝှက် ဆန်းကြယ်လွန်းသည့် ထိုယောကျ်ားရှေ့ သူမဘယ်လို ပြန်ထိုင်မိမှန်းပင် မသိလိုက်ပါ။

"ကျွန်မအကြောင်းတွေ ရှင်အကုန်သိထားတယ် ဒီအလုပ်ကို လက်မခံလို့ မရအောင် အရင်းအနှီး ကြီးကြီးနဲ့ ရှင်ကမ်းလှမ်းတယ် ဘာကြောင့်လဲ စာသင်ရုံသပ်သပ် မဖြစ်နိုင်ဘူး ... ကျွန်မ ဒီလောက်တော့ တွေးယူလို့ရပါ

တယ်"

"မင်းတွေးတာ မှန်ပါတယ်"

"ဒါဖြင့် ... တခြား ဘာကိစ္စရှိသလဲ"

သူတော်တော်နှင့် မပြောပါ။ အတန်ကြာသည်အထိ ငြိမ်သက်နေပြီးမှ သူ့နှုတ်ခမ်းအစုံတို့ တင်းတင်းစေ့လာရင်း ... စူးရှသော မျက်ဝန်းအစုံတို့က တင်းမာလာရင်းနှင့်

"လွန်ခဲ့တဲ့ နှစ်နှစ်က ငါ့ရဲ့တစ်ဦးတည်းသော ငါ့ဘဝရဲ့ အချစ်ဆုံးညီမလေး မြနန်းစံတော်မှာ ပျောက်ဆုံးသွားခဲ့တယ်"

"မြနန်းစံတော် ..."

"ဟုတ်တယ် ... မင်းအခု သွားရမယ့်နေရာပဲ"

သူမ မှင်တက်စွာ သူ့ကိုငေးကြည့်မိသည်။ နာကြည်းမှုအချို့ ထင်ဟပ်နေသည့် သူမျက်နှာက ခက်ထန်နေဆဲ ...

"တကယ်တော့ အဲဒီနေရာက ငါနဲ့မရင်းနှီးဘူး တစိမ်းလူ ဝင်သွားဖို့ လွယ်တဲ့နေရာလည်း မဟုတ်ဘူး အဲဒီကို ဝင်ဖို့အခွင့်အရေးကို ငါစောင့်နေတာ နှစ်နှစ်ရှိပြီ အခု မြနန်းစံတော်က ကလေးနှစ်ယောက်ကို စာသင်ပေးဖို့ ဆရာတစ်ယောက် လိုတယ် မင်းကို မြနန်းစံတော် ရောက်အောင် ငါပို့ပေးနိုင်တယ်"

"ဒါဆို ... ကျွန်မက ..."

သူ့အကြည့်က သူမထံ စူးစူးရဲရဲ ကျလာပြီးနောက်

"ငါ့ညီမလေး အကြောင်း မင်းစုံစမ်းပေးရမယ် သေသလား ရှင်သလား မသိတဲ့ အခြေအနေတစ်ခုမှာ ငါ့သူ့အတွက် တာဝန်ကျေချင်တယ် ဒါမင်းနဲ့ငါ အပေးအယူ လုပ်ရမယ့်ကိစ္စ ... မင်းစဉ်းစားပါ အက္ခရာမေ မင်းအဖြေပေါ်

မှုတည်ပြီး ငါတို့ဆက် ဆွေးနွေးကြတာပေါ့"

တစ်စုံတစ်ရာကို သူမရှေ့ သူချပေးလိုက်ရင်းနှင့်

"သုံးရက်အချိန်ပေးမယ် ဒါငါ့ကိုယ်ရေးကိုယ်တာ ဖုန်းနံပါတ် သေချာတဲ့ အဖြေရပြီဆို မင်းဖုန်းဆက်လိုက်ပါ အမှန်တိုင်းဝန်ခံရရင် ဒီအလုပ်ကို သေချာပေါက် မငြင်းနိုင်မယ့်လူကို ငါတမင်ရွေးပြီး ခေါ်လိုက်တာ ဒါပေမဲ့ မင်းလွတ်လပ်စွာ ဆုံးဖြတ်နိုင်တယ် ကဲ ငါ့ဘက်ကစကားဆုံးပြီ မင်းပြောဖို့ ရှိသေးလား ..."

"ကျွန်မ ... ဟင့်အင်း"

အယောင်ယောင် အမှားမှား ခေါင်းခါမိတော့ သူ သူမမျက်နှာကို စိုက်ကြည့်ရင်း အမိန့်သံဖြင့်

"ဒါဆို ... မင်းသွားလို့ရပြီ"

ရှုပ်ထွေး နောက်ကျိနေသော စိတ်ကြောင့် သူမ ဘာစကားမှ မဆိုနိုင်ပဲ အားမဲ့စွာ လှည့်ထွက်သွားရန် ပြင်လိုက်စဉ် ...

"သေနေတဲ့ မင်းမောင်လေး ဘဝက မင်းလက်ထဲမှာဆိုတာ မမေ့နဲ့ အက္ခရာမေ"

နောက်ကျောမှ လွင့်ပျံ့လာသည့် စကားတို့က သူမရင်တစ်ခုလုံးကို ထိုးစိုက်သွားစေလျက် ...

ကိုယ့်ကိုယ်ကိုယ် သတိမထားမိခင်မှာပင် တင်းတင်း ဆုပ်ကိုင်ထားခဲ့မိသည်က .. ...

လိပ်စာကတ်လေး တစ်ခု ...

***

## အပိုင်း(၂)

"ပြန်လာတတ်သေးတယ်နော် ငါကညည်း လင်နောက် လိုက်သွားပြီ ထင်နေတာ ..."

အိမ်ထဲဝင်ရုံရှိသေး ... စကားလုံးတွေနဲ့ စီးပေါက်တာ သူမရဲ့အမေ မဟုတ်သောအမေ ...

"အိမ်ပြန်အိပ်တာကိုပဲ ကျေးဇူးထိုင်တင်ရမလို ဖြစ်နေပြီ ငါ့နှယ် ဘယ်ဘဝရဲ့ ဝဋ်ကြွေးပါခဲ့လို့ သင်းတို့ကို ခုထိ လုပ်ကျွေးနေရလဲ မသိပါဘူးအေ လင်ယူမယ်ဆိုလည်း အမြန်ယူ မြန်မြန်သာ ငါ့အိမ်ပေါ်က ကြွသွားပါတော့အေ ..."

နဖူးက ချွေးစက်များကို ခပ်ကြမ်းကြမ်း သုတ်ပစ်ရင်း ဘာစကားမှ မတုံ့ပြန်တော့ပါ။ ဒီစကားတွေက အထူးအဆန်းလည်း မဟုတ်တော့ပါ ...

တစ်နေ့တခြား ပိုမိုဆိုးဝါးစွာ ကျွန်သာသာ ဆက်ဆံနေရသည့်တိုင် သူမအတွက် လွတ်မြောက်ရာ မြေမှ မရှိတာ ...

"မမ ..."

ဆူညံသံကြောင့် နံရံလေးကို လက်နှင့်စမ်းပြီး ထွက်လာသော မောင်ငယ်လေးကြောင့် သူမ နှုတ်ခမ်းတို့က အလိုလို ပြုံးလာသည်။ သို့တိုင် နုနယ်သော မျက်နှာထက်မှ မျက်ရည်စီးကြောင်းကြောင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရင်း ...

"သားသား ဘာဖြစ်သလဲ ဘာလို့ငိုသလဲ"

ကလေးက သူမအသံကြားမှ အားကိုရာ ရသွားသည်ထင်ပ့ါ ... အင့်ခနဲ ငို လိုက်မိရင်းနှင့် ...

"မမ သားကိုပစ်ပြီး ဘယ်ပျောက်သွားနေသလဲ ... အီးဟီး"

"မမ အလုပ်သွားရှာတာပါ သားရယ် ပြောပါဦး သားဘာလို့ ငိုတာလဲ ... မမကိုပြောပြနော်"

"အန်တီ ... အန်တီသားကို ရိုက်တယ် ... အီးဟီး"

ရင်ခွင်ထဲ တိုးဝင်ရင်း ရှိုက်သံနှင့် ဆိုလိုက်သော သားသားစကားကြောင့် သူမရင်ထဲ တင်းခနဲ ဖြစ်သွားသည်။ ကိုယ့်ကိုသာ သေအောင် သတ်ပစ်ပါစေ ...

ဝဋ်ကြွေးဆိုပြီး ... သည်းခံနေဦးမည်။ ၁ဂနှစ်သာသာ မောင်ငယ်လေးကို ရိုက်နှက်တာတော့ ... ဘယ်လိုမှ မခံစားနိုင်ပါ ...

"အန်တီ ... ဘာကိစ္စ ကျွန်မမောင်လေးကို ရိုက်ရသလဲ"

"အမလေးဟဲ့ ... အပြစ်ရှိလို့ ရိုက်ရတာပေ့ါ ညည်းမောင်က င့ါပန်းကန် တွေ ခွဲပစ်ပြန်တယ် ဖြစ်နိုင်ရင် အသေတောင် သတ်ပစ်ချင်တယ် အလကား အကုသိုလ်ကောင်"

ဆစ်ခနဲ နာကျင်မှုနှင့် အတူနှုတ်ခမ်းကို တင်းနေအောင် ဖိကိုက်ထားမိ ရင်း ...

"အကြောင်းမဲ့တော့ ရိုက်မခွဲပါဘူး အန်တီ ကလေးတစ်ယောက်ကို အန် တီ ရိုက်ချင်တိုင်း ရိုက်တာကောင်းလား အန်တီ့စကားတွေက ရင့်လွန်း တယ်သိလား သားသားကို အဲဒီလောက်ထိ ပြောဖို့မသင့်ဘူး"

"ပြောတော့ ဘာဖြစ်လဲ ... ညည်းမောင်က နေ့တိုင်းင့ါကို အကုသိုလ်ပေး

နေတာ ဘယ်နှယ့်ထမင်း ခူးစားတာတောင် ဖြောင့်အောင် ခူးမစားနိုင်ဘူး ငါ့ပန်းကန်တွေ ယူကျကွဲတာ ဘယ်နှခါ ရှိပြီလဲ အိမ်မှာ အလကားနေပြီး ကူ ဖော်ရလား အားတိုင်း ပြဿနာ ရှာနေတာ"

"အန်တီရယ် ... မောင်လေးက မြင်မှမမြင်ရတာ"

"အေး ... အဲဒီ အကန်းကြောင့် ငါဒုက္ခရောက်တာ များပြီ လိုက်လုပ်ပေးနေ ရတာ ... ကျက်သရေကို တုံးတယ် ..."

ရင်ထဲ ဆို့နင့် သွားမိသည်။ ဝဲတက်လာသည့် မျက်ရည်တို့ကို မျက်တောင် ဖြင့် ပုတ်ခတ် ပစ်လိုက်ရင်း

"ကျွန်မမောင်လေးကို အကန်းလို့ မပြောပါနဲ့ အန်တီ လူကြီးတစ်ယောက် ဖြစ်ပြီး ကလေးရှေ့မှာ နှုတ်စည်းလေး စောင့်ပေးပါ"

"ကန်းလို့ ကန်းတယ် ပြောတာ ဘာများ နာစရာရှိလဲ ... နောက်တစ်ခါ ငါ ရိုက်တာ မကြိုက်ရင် ဒီအကန်းကောင်ကို ဘယ်သွားသွားခေါ်သွား ကိုယ် ဟာကို အဆင်မပြေရတဲ့ထဲ ဒင်းကြောင့် စိတ်ရှုပ်နေရတယ် ... မြင်ကိုမမြင် ချင်တာ ပြောရင်ငါပဲ အကုသိုလ်များတယ်"

အံတစ်ချက်ကြိတ်ရင်း ... မောင်လေးလက်ကို ဆွဲကာ သူမ လှည့်ထွက် လာလိုက်သည်။ ဒီထက် ပိုပြောရင် ... ပိုနာတဲ့ စကားတွေပဲ ထပ်ကြားရ မည်။ ဘယ်တုန်းကများ ဒေါ်မာယာနှင်းမှာ ကိုယ်ချင်းစာ တရားရှိခဲ့ဖူးလို့လဲ ...

စကားလုံတွေနဲ့ နှနယ်တဲ့ ကလေးကို အကြိမ်ကြိမ် နှိပ်စက်နေတာ။ ကာ ကွယ်မပေးနိုင်သည့် ကိုယ့်ကိုယ်ကိုယ်ပဲ ... အခါခါ အပြစ်တင်မိသည်။ ယူကျုံးမရသည့် စိတ်ဖြင့် သားသား မျက်ရည်တွေကို ရင်နာနာနှင့်ပင် သုတ် ပေးမိရင်း ...

"မငိုတော့နဲ့နော်သား ... တိတ် မမ ဆေးလူးပေးမယ် ပြီးရင် ထမင်းခွံ့ကျွေးမယ်နော် ... မမ cp ကြက်ကြော် ဝယ်လာတယ်သိလား ထမင်းနဲ့ နယ်ကျွေးမယ်နော် လိမ္မာတယ်တိတ်"

"ဟုတ် ... မမ"

သားသား မျက်နှာလေး ကြည်လာမှ သူမ သက်ပြင်းချနိုင်တော့သည်။ သို့တိုင် လက်နုနုလေးပေါ်မှ လက်ဖဝါးရာတွေကို တွေ့တော့ သူမရင်ထဲ ဆစ်ခနဲ နာကျင်မိသည်။

သူမမျက်ရည်ထိန်းထားရင်း ဆေးလူးပေးတော့ သားက အလိုက်သိလွန်းစွာ မျက်ရည်မကျဘဲ တောင့်ခံပေးပါရဲ့ ... ကလေးဆိုပင်မယ့် ဒီအစ်မရဲ့စိတ်ကို နားလည်ရှာသည် ...

"သားသား ဗိုက်ဆာနေပြီလား ..."

"ဟုတ် ... သားဗိုက် အရမ်းဆာတယ်"

"နေ့လယ်က သားဘာမှ မစားရဘူးလား"

"ဟင့်အင်း ... အန်တီက သားထမင်းပန်းကန် ယူကျကွဲလို့ သားကို ထပ်မကျွေးတော့ဘူး ..."

"သားရယ် ..."

ရင်ထဲ မကောင်းဖြစ်ရပြန်သည်။ ထမင်းလက်ကျန်လေးနှင့် ကြက်သားလေး နယ်ကျွေးတော့ အားရပါးရ စားရှာသည်ကို ကြည့်ရင်း သားကို သူမ အရမ်းသနားမိပါရဲ့ ...

"စားလို့ကောင်းလား ... သား"

"ကောင်းတယ် မမ အရမ်းကောင်းတယ်"

လက်စမချန်အောင် အားပါးတရ စားနေသည့်သားကို မြတ်နိုးစွာနှင့် သူမ

ေငးကြည့်နေမိသည်။ ဝမ်းထဲ လှစ်ဟာသလို ရှိနေသောကြောင့် သူမ ဘာမှ မစားရသေးသည်ကို သတိပြုမိပါရဲ့ ... ရှိပါတော့ သားသား ဝမ်းဝရင် သူမ နေသာပါတယ်။

"မမ"

"ပြောလေ ... သား"

"သားကို တစ်ယောက်တည်း မထားခဲ့နဲ့နော် အန်တီ့ကို သားကြောက် တယ် ..."

"အင်းပါ ... သားရယ်"

ရင်ထဲ ဆို့နင့်သမျှ ... သက်ပြင်းနှင့်သာ ဖြေချလိုက်သည်။ မရေရာတဲ့ မနက်ဖြန်အတွက် သူမရင်တွေ မွန်းကျပ်လို့နေ၏။ ဗိုက်ဝသွားသော သား က နွမ်းနယ်စွာ သူမပေါင်လေးပေါ်တွင် အိပ်ပျော် သွားသည်။ သားခေါင်း လေးကို ဖွသပ်ပေးရင်း ကံကြမ္မာ လည်စင်းသမျှ ငုံ့ခံနေရသည့် သူမတို့ မောင်နှမဘဝကို ရင်နာစွာ တွေးနေမိသည်။

ဟိုး အဝေးက ... လကတော့ သာနေဆဲ ...

တစ်ချိန်က အကြွရာမေ ဘဝသည်လည်း သာယာခဲ့ဖူးပါရဲ့ ...

အရမ်းကြီး မပြည့်စုံသော်လည်း အေးချမ်းပြေလည်သည့် ဘဝမှာ သူမ ဘဝ လမင်း သာခဲ့ဖူးပါသည် ...

၉နှစ် အရွယ်ရောက်မှ ရှားရှားပါးပါး မောင်လေး တစ်ယောက်ရသဖြင့် တုန်နေအောင် ချစ်ခဲ့ရပါသည်။ ရှားထက်သာ ဆိုတာ သူမဘဝရဲ့ အချစ်ဆုံး အမြတ်နိုးဆုံးရတနာ ...

ပျော်ရွှင် အေးချမ်းမှုတွေနဲ့ ဖြတ်သန်းလာခဲ့သည့် ဘဝကိုကံတရားက မ ညှာမတာ ရိုက်ခတ် ပစ်လိုက်သည်။ သူမဆယ်တန်း အောင်ခါစတွင် မေမေ

ဆုံးပါးသွားပါသည်။

ငွေတောင်ကြီးပြိုသလား ... လမင်း ပျောက်ကွယ်သလား ခံစားရင်း နာကျင်လို့မှ မဆုံး ...

တစ်နှစ်တောင် မပြည့်သေး ...။ ငယ်သေးသည့် သားသားအတွက် မိခင် တစ်ယောက် လိုတယ်ဆိုသည့် အကြောင်းပြချက်ဖြင့် ဒေါ်မာယာနှင်းကို ဖေဖေ အိမ်ပေါ်ခေါ်လာတော့သည်။

ဖေဖေ့ကို ... အက္ခရာမေ စိတ်မဆိုးခဲ့ပါ။ ဒေါ်မာယာနှင်းကို အမေတစ် ယောက်လို သူမ ချစ်ပေးခဲ့ပါသည်။ သို့သော်မေတ္တာကပဲ မထိုက်တန် သလား ... ဖေဖေရှေ့တွင်သာ ကောင်းပြီး ကွယ်ရာမှာတော့ ဘဝက ငရဲခန်း စခဲ့ရပါသည်။ သို့တိုင် သူမ မရှိလျှင် မောင်လေးကို ရိုက်မည်စိုးသည့် စိတ် နှင့် နာကျင်သမျှကို မျိုသိပ်ရင်း အပြုံးနှင့်ပင် သူမနေပေးခဲ့ပါသည်။

သို့သော် အချိန် ကြာလာသည်နှင့်အမျှ လောင်းကစား ဝါသနာ ပြင်းထန် ပြီး အသုံးအဖြုန်း ကြီးလွန်းသော ဒေါ်မာယာနှင်း စရိုက်ကြောင့် ဖေဖေ စိတ်ဆင်းရဲလာရသည်ကို မြင်တော့ စိတ်မကောင်းရုံမှ တစ်ပါး သူမဘာမှ မတတ်နိုင်ခဲ့ပါ။

တစ်နေ့ စာနာမှု ကင်းမဲ့လွန်းသော ကံတရားက ဘဝကို အဆုံးစွန် ရက်စက်ပစ်ခဲ့ပါသည်။

သားသားကို ကျောင်းသွားကြိုရင်း အပြန် ဖေဖေကား အက်ဆီးဒင့် ဖြစ်ခဲ့ သည်။ ဒဏ်ရာ ပြင်းထန်လွန်းသဖြင့် ဆေးရုံပေါ် ရောက်ပြီး ခဏတွင်ပင် ဖေဖေ ဆုံးပါးသွားပါရဲ့ ... ဖေဖေ မဆုံးမီ တဖွဖွ မှာကြားခဲ့သည်က ...

"သားသားကို သေချာ ဂရုစိုက်ပေးပါ သမီးလေး ဖေဖေတို့ တာဝန်မကျေ ခဲ့သမျှ အတိုးချပြီး သားကို ဂရုစိုက်ပါ သေချာ စောင့်ရှောက်ပေးပါနော်

သမီးကို ဖေဖေယုံတယ် ... စိတ်ချနေမယ်နော်"

နောက်ဆုံး ထွက်သက်ထိ သောကတွေနှင့် ပူပင်နေသည့် ဖေဖေ့ကို မျက်ရည်ကြားမှ ကတိတွေ အထပ်ထပ် ပေးခဲ့မိ၏။ သို့သော် ဖေဖေ သိမသွားခဲ့သည်က ကံကောင်း ထောက်မစွာ အသက်ရှင် ကျန်ခဲ့သည်တိုင် သားသား အမြင်အာရုံတွေ ကွယ်ပျောက် သွားခဲ့တယ်ဆိုတာ ...

မျက်မမြင် မောင်လေးတစ်ယောက် ... ပညာတစ်ပိုင်းတစ်စနှင့် သူမရှေ့ ခရီးတွေက ခါးသက် လွန်းလှပါသည်။ ဟင့်အင်း ... ကံတရား၏ ရက်စက်မှုတွေက ထိုမျှလောက်နှင့် ... မရပ်တန့်သေးပါ။

ဖေဖေ ဆုံးပါးပြီးနောက် သိခဲ့ရသည်က အရှုံးပေါ်နေသော စီးပွားရေးနှင့် အတူ အကြွေးတွေ ပတ်ချာ လည်နေခဲ့သည်ဆိုတာ ...။

ပိုင်ဆိုင်သမျှတွေ ထုခွဲရောင်းချပြီး ... အခွံတွေသာ ကျန်တော့သည့်ချိန် မိထွေး၏ ပြုစုမှုက တစ်နေ့တခြား ဆိုးဝါးလာပါရဲ့ ...

"အစားထိုး ခွဲစိတ်ကုသမှု ပြန်လုပ်ရင် သမီးမောင်လေး မျက်လုံး ပြန်မြင်နိုင်ပါတယ်"

ဆရာဝန်ကြီး စကားကြောင့် မရမှန်း သိရက်နှင့် မျှော်လင့်ချက် အချို့နှင့် ဒူးထောက် တောင်းပန်ခဲ့ဖူးပါသည်။

"ဘုရားရေ ... ညည်းရူးနေသလား ဘယ်ကပိုက်ဆံနဲ့ ခွဲစိတ်ကုသမလဲ ညည်းအဖေက အကြွေးတွေပဲ ချန်ခဲ့တာဟဲ့ ... အခုတောင် နေစရာမရှိ စားစရာမရှိ ဖြစ်တော့မယ် ငါ့ကိုသာ အသေ သတ်လိုက်ပါတော့"

မဖြစ်နိုင်မှန်းလည်း သူမသိပါသည်။ သို့သော် အကြွေးတွေ ရှင်းပြီး ကျန်ခဲ့သည့်အိမ်က ထိုမိန်းမ ဖဲကြွေး ဆပ်လိုက်ရသည်ကို သိလိုက်သည့်အဖြစ်က ပိုရင်နာ ရပါသည်။ အိမ်ကြီးကို ရောင်းပြီး အိမ်သေးသေးလေးပေါ် ရောက်

သွားသည့်ချိန် ဘဝက ဒီထက်နာကျင်စရာ ရှိပါဦးမည်လား ...

အလင်းရောင် ရှာမတွေ့တော့သည့် သားသား၏ ငိုကြွေးသံက သူမကို အခါခါ သေစေ၏။ အမှောင်ထုထဲက သား၏ မျက်ရည်ထက် သူမပိုနာကျင် ခံစားရပါသည်။ ညတိုင်း အံ့ကြိတ်ရင်း မိုးလင်းပေါက် ငိုကြွေးရတဲ့ နေ့တွေ မှာ လူက ရှူးမတတ်။

သို့သော် သားအတွက် သူမ တောင့်ခံခဲ့ပါသည်။ ရရာအလုပ်တစ်ခု ဝင် လုပ်ရင်း ကျန်းမာရေး ချူချာလာသည့် သားသားအတွက် ဆေးဖိုးရှာခဲ့ ပါသည်။ အနေအစား ချောင်အောင် မိထွေးကို ထမင်းဖိုးလည်း ပေးရပြန် တော့ လစာက မလောက် ...

ဘွဲ့တစ်ခုတောင် မရခဲ့သည့် သူမဟာ လိုချင်သလောက် ငွေကိုမရှာနိုင်ခဲ့ ပါ။ ဒီကြားထဲ မန်နေဂျာမမ၏ ဝန်တိုမှုတွေနှင့် အတူ အပြစ်ရှာ အလုပ်ဖြုတ်ခံခဲ့ရသည်။ တစ်ခါတလေ အလှတရားတွေက ဘဝကို ထိခိုက် စေတယ်ဆိုတာ မှန်လိုက်လေခြင်း ...

ငွေမအပ်နိုင်တော့ မိထွေးက ငြူစူလာပြန်သည်။ ဒီကြားထဲ သားသားပါ ထိခိုက်လာတော့ အလုပ်တစ်ခု အသည်းအသန် ရှာရပြန်သည်။ ဂျာနယ် တစ်ခုမှ များပြားလွန်းသော လစာနှင့် မတန်စွာ စာပြပေးဖို့ အလုပ်ခေါ်စာ တစ်ခုတွေ့တော့ ... မျှော်လင့်ချက်တွေနှင့် သူမ လျှောက်ထားပြီး သည့်နောက် ...

"မမ ... ငိုနေသလား"

သားသား အသံလေးကြားမှ သူမအသိ ဝင်လာတော့သည်။ ဟုတ်ပါရဲ့ ... ဘယ်အချိန်ကတည်း မျက်ရည် ကျနေမိသည် မသိပါ ... သားမျက်နှာလေး ပေါ် တပေါက်ပေါက်နှင့် ကျလာတော့ သားလန့်နိုး လာတယ်ထင်ပ့ါ ...

"မဟုတ်ပါဘူး သားရဲ့ ဟိုးမှာ လအရမ်း သာနေတယ်လေ လမင်းကို ငေးကြည့်ရင်း ဖေဖေတို့ကို သတိရမိလို့ပါ"

သား မျက်နှာလေးက သိသာစွာပင် ညှိုးနွမ်းသွားရင်း

"သားလည်း လမင်းကြီးကို ငေးကြည့်ချင်လိုက်တာ မမရယ်"

သူမစကား မှားသွားမှန်း ချက်ချင်း သိလိုက်သော်လည်း ဘာပြန်ပြောရမှန်း မသိဖြစ်နေစဉ် သားက အသံတုန်တုန်လေးဖြင့်

"သားအမှောင်ထဲမှာ မနေချင်တော့ဘူးမမ သားလေ လျှောက်လည်ချင်တယ် ကျောင်းလည်း တက်ချင်တယ်"

"အို ... သားသားရယ်"

ရင်ထဲ နင့်ခနဲနေအောင် ခံစားလိုက်ရပါရဲ့ ... မျက်ရည်အချို့က ပေါက်ခနဲကျလာပြန်လျက် ...

ဟုတ်ပါရဲ့ အမှောင်ထဲမှာ သားဘယ်လောက်တောင် လမ်းပျောက်ခဲ့ပြီလဲ။ အရွယ်နဲ့ မမျှအောင် သားလေး ခံစားခဲ့ရ ရှာပါလား ... ဆို့နင့်လာသည့် နာကျင်ဝမ်းနည်းမှုနှင့် အတူ နားထဲ ဖျတ်ခနဲ ကြားယောင်လာမိသည်က ...

"မင်းမောင်လေး မျက်လုံးပြန်မြင်ဖို့ ကိုယ်တာဝန်ယူ ပေးနိုင်တယ်"

သူမအံကို တင်းခနဲ ကြိတ်လိုက်သည်။ ဘာကို တွေဝေနေဦးမှာလဲ ...

"သားမျက်လုံး ပြန်မြင်ချင်ရင် မြင်ရမှာပေါ့သားရဲ့ ..."

"ဟင်မမ ... တကယ်ပြောသလား"

အံ့သြ ဝမ်းသာသွားသည့် သားဟန်လေးကြောင့် အကျွရာမေ ပြုံးလိုက်မိရင်းနှင့်

"မမသားကို ညာဖူးလို့လား တစ်ခုရှိတယ် သားမျက်လုံး ပြန်မြင်ဖို့အတွက် မမ ဟိုးအဝေးကြီးကို အလုပ် သွားလုပ်ရမယ် မမနဲ့သား ခဏလေးတော့ ခွဲ

ရမယ်နော်"

"မမ … အကြာကြီး သွားမှာလားဟင်"

"မကြာပါဘူးသားရဲ့ … ကျောင်းတက်ရင်းနဲ့ သားစောင့်နေရင် ခဏလေးပဲ သိလား"

"ဟုတ် … အဲဒါဆိုသား ကျောင်းတက်ရင်းနဲ့ မမကိုစောင့်နေမယ်"

ကြည့်စမ်း … ဘယ်လောက်တောင် အမှောင်ထဲက လွတ်မြောက် ချင်နေရှာမှန်းမသိ။ အစ်မကို မခွဲနိုင်အောင် ချစ်ရှာသည့် ကလေးက ကြည်ကြည်ဖြူဖြူပင် သဘောတူလို့ … ဘာပဲဖြစ်ဖြစ် လရောင်အောက်မှ ပျော်ရွှင်ဝင်းပနေသည့် သားမျက်နှာလေးကို ငေးကြည့်ရင်း သူမကျေနပ်မိပါရဲ့ …

ခိုင်မာသော ဆုံးဖြတ်ချက်နှင့် အတူ အိတ်ထဲမှ လိပ်စာကတ်လေး တစ်ခုကို ဆွဲထုတ်လိုက်မိသည်။

"ယမ်းစက်ရှင်"

နာမည်တစ်ခုကို တီးတိုးရေရွတ်ရင်း မျက်ဝန်းထဲ ဖျတ်ခနဲ မြင်ယောင်လာသည်က … …

ချောမော ခန့်ညားသလောက် ခပ်တင်းတင်း ရှိသောမျက်နှာ … ရှင်တော်ပါတယ် … ကျွန်မဒီအလုပ်ကို တကယ်ပဲ မငြင်းနိုင်ခဲ့ဘူး …

သူမ သက်ပြင်းသာ အခါအခါ ချမိသည်။ မြနန်းစံတော် ဘယ်လိုနေရာမျိုးပါလိမ့် …

မည်သို့ပင်ဖြစ်စေ … မြနန်းစံတော်က ငရဲဆိုရင်တောင် မောင်လေးအတွက် … သူမ ကျောခင်းအိပ်ဖို့ အသင့်ပါ … ။ အတွေးတွေနှင့် … သူမလက်တို့က နံပါတ်တစ်ခုကို နှိပ်နေလျက် …

***

## အပိုင်း(၃)

"ကိုကို ... ဆူးကိုကယ်ပါ ဆူးကြောက်တယ် ဆူးကိုကယ်ပါနော်"

"ညီမလေး ... ညီမလေး"

သနားစဖွယ် အော်ဟစ်ရင်း အမှောင်ထဲ တိုးဝှေ့ ပျောက်ကွယ်သွားသော ညီမလေးနောက် ပြေးလိုက်ရင် ဖျတ်ခနဲ သူလန့်နိုးလာသည်။

အိပ်ပျော်သွားသည့် ခဏလေးမှာပင် အိပ်မက်ဆိုးတွေက သူ့ကို ခြောက်လှန့်နေခဲ့ပါလား ...

အဲကွန်း ဖွင့်ထားသည့်အခန်းက အေးစိမ့်နေသည့်တိုင် သူ့တစ်ကိုယ်လုံး ချွေးတို့ဖြင့် စွဲနစ်နေသည် ...

ရေအေးအေးတစ်ခွက် မော့သောက်လိုက်မှ စိတ်တွေ တည်ငြိမ်လာတော့သည်။ အကြည့်တို့က စားပွဲခုံပေါ် တင်ထားသည့် ဓာတ်ပုံလေးဆီ ရောက်တော့ အံတစ်ချက် ကြိတ်မိသည်။

ဆံပင် ကုပ်ထောက်လေးနှင့် ချစ်စဖွယ် ကောင်းလွန်းသော ဆူး ...

နှင်းဆီဆူး ဆိုသည့်နာမည်နှင့် လိုက်ဖက်လွန်းစွာ ရဲရင့်ထက်မြက်လွန်းသော သူ့ရဲ့ညီမလေး ...

အိပ်မက်ထဲမှာ ကြောက်လန့်တကြား ငိုကြွေးနေပါလား။ ဒီအိပ်မက်တွေ သူ့ကို ခြောက်လှန့် နေခဲ့တာ နှစ်နှစ်ပြည့်တော့မည်။ ညီမလေး ... ဘာတွေ ကြုံတွေ့ခဲ့ရသလဲ ... ပြီးတော့ ... ဘယ်ရောက်နေသလဲ အဖြေမရသော

အတွေးတို့ဖြင့် ... သူရင်တွေ မွန်းကျပ်လာသည်။ နားထဲ ကြားယောင်လာသည့် စကားအချို့က သူ့ကို ပိုနာကျင်စေ၏။

"ကိုကို နိုင်ငံခြားက ပြန်ရောက်တာနဲ့ ညီမလေးတို့ အတူတူ နေကြမယ်နော် ဘယ်တော့မှ မခွဲတော့ဘူး ကိုကို့ကို ဆူးနေ့တိုင်း မျှော်နေမယ် သိလား ..."

လွမ်းဆွတ်ခြင်းတွေနှင့် နာကျင်စွာ သူတီးတိုး ရေရွတ်မိသည်။

"ကိုကို ... ပြန်လာပြီလေ ညီမလေးရယ် ဘယ်ရောက်နေလဲ ညီမလေးကို ကိုကို အရမ်းလွမ်းနေတယ် ဘာတွေကြုံတွေ့ခဲ့ရလဲ ကလေးရယ် ဒီလောက် အကြာကြီး ပျောက်သွားရသလား ကိုကို့အိပ်မက်တွေထဲ လာမငိုပါနဲ့တော့ ညီမလေး မျက်ရည်တွေကို ကိုယ်မမြင် ရက်တော့ဘူး ဆူးရယ်"

ဓာတ်ပုံလေးကို စူးစိုက်ကြည့်ရင်း လွမ်းဆွတ်ခြင်းနှင့် နာကျင်မှုက သူ့ရင်ကို ပြင်းစွာ နှိပ်စက်နေ၏။ ချစ်ခြင်းတရားတွေ ကင်းမဲ့လျက် အမြဲတစေ အေးစက် တင်းမာနေတတ်သော ... ယမ်းစက်ရှင် ဆိုသည့်သူက နှင်းဆီဆူး ဆိုသည့် ပန်းကလေးနှင့်ဆို အမြဲ နူးညံ့တတ်မြဲ ... ။ အချစ်ဆိုတာကို လူမှန်းသိတတ် ကတည်းက ဒီညီမလေး တစ်ယောက်အပေါ်သာ ပုံအပ်ခဲ့သည်။

အခု ... ညီမလေး ဘယ်ရောက်နေလဲ အံတစ်ချက် ကြိတ်ရင်း အတွေးတို့က အတိတ်ဆီသို့ ဝဲလွင့်လျက်။ ဘဝက ... တစ်ခုမဟုတ်ရင် တစ်ခု အမြဲ လိုအပ်ချက် ရှိမြဲ ...

ငွေကြေးတွေ ပြီးပြည့်စုံသည့်တိုင် ချစ်ခြင်းတရားတွေက ဟိုးငယ်ဘဝကတည်းက ပျောက်ရှ နေခဲ့သည် ... ဂုဏ်ရည်တူချင်းမို့ မိဘသဘောတူ လက်ထပ်ခဲ့ရသည့် ဒယ်ဒီနှင့် မာမီတို့ကြား အချစ်ဆိုတာ မရှိခဲ့ပါ။

မာနတွေ … အတ္တတွေ အပြိုင်ဆိုင်နေသည့် မိဘနှစ်ပါးကြောင့် နွေးထွေးကြင်နာမှုတွေ ငတ်မွတ် ခဲ့ရသည့် သူနှင့် ဆူး တစ်ယောက်ကိုတစ်ယောက် အတိုးချချစ်ကာ ပို၍ တွယ်တာခဲ့ရသည်။

အပြန်အလှန် ဂရုစိုက်မှုတွေနှင့် ဆူးက သူ့ဘဝဖြစ်ခဲ့သလို ဆူးအတွက် သူကလည်း ဘဝတစ်ခု ဖြစ်သည်အထိချစ်ခဲ့သည်။ တစ်နေ့တော့ … ကံတရားက သူနှင့်ဆူးကို ခွဲပစ်ခဲ့လေသည်။ မာနတွေ ပြိုင်ဆိုင်ရင်းနှင့် ဒယ်ဒီနှင့် မာမီ အပြီးတိုင် လမ်းခွဲပြီးသည့်နောက် …

ဆူးကို ဆွဲခေါ်ရင်းမာမီ အိမ်ပေါ်က ဆင်းသွားသလို သူ့လက်ကို ဆွဲရင်း ဒယ်ဒီ နိုင်ငံခြား ထွက်သွားခဲ့သည်။

နိုင်ငံတွေ မြေတွေခြားသွားလည်း သူနှင့်ညီမလေး အဆက်အသွယ် မပြတ်ခဲ့ပါ။ မိဘနှစ်ပါးရဲ့ အမုန်းတွေကြောင့် သူတို့ဝေးကွာ နေပင်မယ့် ချစ်ခြင်းတွေ မလျော့ခဲ့သည့်ပြင် ပို၍ တွယ်တာခဲ့ပါသည်။

ဒယ်ဒီနှင့် မာမီကိုယ်စီ အိမ်ထောင်တွေ ထူသွားသည့်တိုင် သူနှင့်ညီမလေးကြား သံယောဇဉ်တွေ သွေးအေး မသွားခဲ့ပါ …။

ကျောင်းပြီး၍ မကြာသေး … မာမီဆုံးသွားတော့ ပထွေးနှင့် မနေသင့်တော့ဟုဆိုကာ ညီမလေး တစ်ယောက်တည်း တိုက်ခန်း ငှားနေတော့သည်။ သို့သော် ဘယ်သောမှ အားမငယ်တတ်သည့် ဆူးက ပြောရှာပါသည်။

"ကိုကို … ဆူးတွက် စိတ်မပူနဲ့နော် ဆူးအဆင်ပြေတယ် သိလား ကိုကိုသာ ဘွဲ့လွန်တက်နေတာ မရပ်လိုက်နဲ့ ပြီးအောင်တက်ပါ ဆူးတို့ ထပ်ဝေးဖို့ မရှိတော့ပါဘူး ဆူးနဲ့ကိုကို အတူတူဆုံမယ့် နေ့ရောက်လာတော့မှာ မကြာတော့ပါဘူး ကိုကိုရဲ့"

ဒီလိုနှင့်အလွမ်းတွေကို လေလှိုင်းနှင့်သာ ဖြေသိမ့်ရင်း တစ်နေ့တော့ ဆူးက စကားဆိုလာသည်။

"ကိုကို ဆူးမြို့ကြီးမှာနေတာ စိတ်တွေ မွန်းကျပ်နေလို့ ရှမ်းပြည်ဘက် ခဏသွားလည်မယ်"

ထိုနောက်ပိုင်း ညီမလေးဘဝ တစ်ချိုးတစ်ကွေ့ ပြောင်းသွားမည်မှန်း သူကြိုသိနိုင်ခဲ့ပါက ရအောင် တားခဲ့မည်သာ ...။

အလည်အပတ်နှင့်သာ သွားသောညီမလေးက ဟိုရောက်ပြီး မကြာမီ ထူးထူးခြားခြား စကား ဆိုလာတော့ပြန်၏။

"ကိုကို ... ဆူးရန်ကုန် မပြန်တော့ဘူး မြနန်းစံတော်မှာ အလုပ်ဝင်တော့မယ် သိလား ..."

"မြနန်းစံတော်"

"ဟုတ်တယ်ကိုကို ရှေးစော်ဘွားမျိုးနွယ်တွေ နေတဲ့အိမ် အရမ်းစိတ်ဝင်စားဖို့ ကောင်းတယ်"

"ညီမလေးက ဘာလုပ်မလို့လဲ ငွေလိုလို့လား ကိုကို ပို့ပေးမယ်"

"ငွေကြောင့် မဟုတ်ပါဘူး ဒီအရပ်ဒေသမှာ နာမည်ကြီးနေတာမို့ ဆူးစိတ်ဝင်စားလို့ပါ ဆူးက အဲဒီအိမ်က ကလေးလေးနှစ်ယောက်ကို စာပြဖို့ လျှောက်ထားတာ ရသွားတယ်သိလား တော်ရုံနဲ့ မြနန်းစံတော်ကို ဝင်ဖို့ မလွယ်ဘူး ကိုကိုရဲ့ ဆူးအရမ်း ကံကောင်းတယ် ပြောရမယ်"

"ဘာတွေများ ... စိတ်ဝင်စားစရာ ကောင်းလို့လဲကွာ"

"ကိုကိုမသိပါဘူး ... မြနန်းစံတော်ရဲ့ ဒဏ္ဍာရီတွေက သိပ်စိတ်ဝင်စားဖို့ ကောင်းတာ အိမ်ကြီးနဲ့ ပတ်သက်ပြီး ပုံပြင်လိုလို ဇာတ်လမ်းတွေလည်း အများကြီးရှိတယ် ဆူးကတော့ မြနန်းစံတော်ကို ရအောင် သွားမယ်"

စိတ်အား ထက်သန်လွန်းသောဆူးကို သူမတားရက်ခဲ့ပါ။ ဒီလိုနှင့် မြ နန်းစံတော်ကို ဆူးရောက်သွားပြီးသည့် နောက်သူနှင့် သိပ်စကား မပြော ဖြစ်တော့ပါ ...။

မြို့စွန်ဖက်တွင်ရှိသော မြနန်းစံတော်မှာ အင်တာနက်လိုင်း မရသဖြင့် မြို့ ထဲထိ နာရီဝက်ခန့် ကားမောင်း ရသောကြောင့် တစ်ခါတလေမှသာ ညီမ လေးနှင့်သူ ပြောဖြစ်ခဲ့သည်။

ပြောလိုက်တိုင်း ညီမလေး နှုတ်ဖျားမှ မြနန်းစံတော်ဆိုတာ မကြားချင်မှ အဆုံး ကြားနေရသည်။

"ကိုကို မြနန်းစံတော်ကလေ ထင်ထားတာထက်ကို ပိုပြီး လျှို့ဝှက် ဆန်းကြယ်တယ် ... ပြီးတော့ ..."

"အင်းပြောပါဦး ... ပြီးတော့ဘာဖြစ်လဲ"

"မြနန်းစံတော်မှာ သရဲခြောက်တယ်တဲ့ မကျွတ်သေးတဲ့ ဝိညာဉ်တွေ အများကြီးရှိတယ်လို့ သတင်း ကြီးနေတာ"

"ဟားဟား ... ဘာများလဲလို့ဆူးရယ်"

ညီမလေး စကားကို သူဟားတိုက် ရယ်ပစ်သည်။ နိုင်ငံခြားတွင် အနေများ ခဲ့သော သူ့အတွက် ဒီစကားက ဟာသတစ်ခုသာ ...။

"မရယ်နဲ့တကယ်ပြောတာ ... မြနန်းစံတော်က လူတွေကလည်း ထူးဆန်း တယ် တစ်ခုခုကို လျှို့ဝှက်ထားသလိုပဲ"

"မထူးဆန်းပါဘူး ရှေးခေတ်လူတွေ နေခဲ့တဲ့ အိမ်ဆိုတာနဲ့ လူအများစုက ယုံထင်ကြောင်ထင် ထင်ကျတော့တာ အလကားပါ သရဲဆိုတာ ခြောက်လှန့် မှု သပ်သပ်ပဲ တကယ်မရှိပါဘူး"

"ဒါပေမဲ့ ဆန်းကြယ်တာလည်း ရှိတယ် ... တစ်ခါက မြနန်းစံတော်ကို

ဓားပြဝင်စီးတာ မကြာလိုက်ဘူး ချောက်ထဲ ကားထိုးကျပြီး အားလုံး သေသွားကြတယ်တဲ့"

"ဪ ... တိုက်ဆိုင်သွားလို့ နေမှာပေါ့ ဘာလဲ ညီမလေးက ကြောက်နေလို့လား"

"အဲဒီလိုတော့မကြောက်ပါဘူး ဆူးက မကြုံဖူးပါဘူး"

"အဲဒါများ စိတ်ထဲထားနေသေးတယ်ကွာ"

အတွေးကြောင်လိုက်တာဟု သူစိတ်ထဲ တွေးမိခဲ့သေးသည်။ ဒီလိုနှင့်နောက်ပိုင်းတွင်တော့ သူနှင့်ဆူး လုံးဝ မဆုံဖြစ်တော့ချေ။ ပြီးတော့ဒီနေ့ဟာ ... နောက်ဆုံးအကြိမ် ဖြစ်ခဲ့မယ်ဆိုတာ သူကြို မသိနိုင်ခဲ့လေတော့ ... မဟာဘွဲ့အတွက် ပရောဂျက်တွေနှင့် လုံးပန်းရင်း သူဘယ်လိုမှ မအားလပ်နိုင်ခဲ့ပါ။ တောထဲတောင်ထဲ သုတေသနလုပ်ရင်း ညီမလေးနှင့် သူခြောက်လခန့် အဆက်အသွယ် ပြတ်သွားခဲ့သည်။

ထို့နောက်တွင်တော့ ... သူလိုင်းပြန်သုံးသည့်အခါ ညီမလေး ပို့ထားသည့်စာတွေက သူ့ကို အံ့ဩတုန်လှုပ် စေခဲ့သည်။

"ကိုကို ... ညီမလေး ကိုကယ်ပါ"

"ဆူးအရမ်း ကြောက်တယ် ... ဒါပေမဲ့ ဆူးထွက်ပြေးလို့မရဘူး"

"ညီမလေးကို လာကယ်ပေးပါ"

လွန်ခဲ့သည့် ၃လကတည်းက ပို့ထားသည့် ညီမလေး စာတွေက ထူးဆန်းလှသည်။ ထို့အတူ ဆူးသည်လည်း ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့ ပါတော့သည်။ စိတ်ပူပင်စွာနှင့် သူနည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သော်လည်း ညီမလေးနှင့်သူ အဆက်အသွယ် မရတော့ပါ။

အဲဒီနောက် ... ဒယ်ဒီ့ကို ခွင့်တောင်းပြီး မြန်မာပြည်မှာ အခြေချဖို့ သူအ

မြန်ဆုံး ကြိုးပမ်းတော့သည်။ မြန်မာပြည် ရောက်ရောက်ချင်း သောကတွေနှင့် မြနန်းစံတော်ကို သူအရောက် သွားခဲ့သည်။

သို့သော် ... သူရခဲ့သည့် သတင်းက ...

"နှင်းဆီဆူး ဆိုသည့် မိန်းကလေးက မြနန်းစံတော်၏ ဘိုးဘွားပိုင်ရတနာ အချို့နှင့်အတူ ပျောက်ဆုံးသွားသည်" ... တဲ့ ကြားရသည့်သတင်းက ယုံချင်စရာ မကောင်းပါ။ ဘယ်လိုမှလည်း မဖြစ်နိုင်ပါ။ ဆူးက ထိုကဲ့သို့ မိန်းကလေးမျိုးမဟုတ်။ သူကောင်းကောင်း သိသည်။ သို့သော် ဒီသတင်းက ဒီမြို့လေးမှာ အတည်ဖြစ်နေတော့ ...

သူမည်သို့ ကြိုးစားသော်လည်း အရာမထင်ခဲ့ပါ။ ညီမလေးကတော့ ထူးဆန်းစွာ ပျောက်ဆုံးနေမြဲ။ ထို့ပြင် မြနန်းစံတော်က သူထင်ထားသည် ထက်ပင် ကြီးကျယ် ခမ်းနားရုံသာမက ထိုဒေသမှာ အတော်လေး အာဏာရှိသည်။

သူကောင်းကောင်း ခံစားမိပါသည်။ ညီမလေး မြနန်းစံတော်မှာ ရှိကို ရှိနေသည်။ သို့သော်သူ့မှာ လက်ဆုပ်လက်ကိုင် ပြစရာဘာမှမရှိပါ။ သူ့ရဲ့ ချမ်းသာ ကြွယ်ဝမှုကရော ...

မြနန်းစံတော်၏ ကြွယ်ဝမှုနှင့် ယှဉ်လျှင် မြူမှုန်မျှပင် ရှိလေတော့ ...

အံကြိတ်ထားရုံမှအပ ဘာမှ မလုပ်နိုင်ခဲ့ပါ။ ခမ်းနား ကြီးကျယ်သလောက် ကောလာဟလ ဆိုးတွေနှင့် ကျော်ကြားသော မြနန်းစံတော် ... နေဝင်လျှင် အိမ်ကြီးရှေ့ ခေါင်းမော့ မလျှောက်ရဲအောင် မြို့ခံလူများ ကြောက်ရွံ့ကြလေသော မြနန်းစံတော်

သူကတော့ ... ဒါတွေ သိပ်အယုံအကြည်မရှိပါ။ သူယုံကြည်သည်က ညီမလေး မြနန်းစံတော်မှာ ရှိနေမည်။ ဒါ ... အမှန်တရား ဘယ်နည်းနှင့်မှသူ

လက်မလျှော့ခဲ့ပါ။ စီးပွားရေးအတွက် ရန်ကုန်မှာ ပြန်လာနေသည့်တိုင် ... မြနန်းစံတော် အကြောင်းအမြဲ စုံစမ်းဆဲ။ သို့သော်ဘာမှ ရေရေရာရာ မရပါ။

ညတိုင်း စိတ်ချမ်းသာစွာ သူအိပ်စက်ခွင့် မရခဲ့ပါ။ ညီမလေးက သူ့အိပ်မက်ထဲတွင် ကြောက်လန့်တကြား ငိုယိုနေဆဲ ... ဘာမှမလုပ်နိုင်သည့် အခြေအနေအတွက် သူရင်နာလို့ မဆုံးပါ။ သူချစ်သော ညီမလေးက ပျောက်ဆုံးနေဆဲ ပျောက်ဆုံးနေမြဲ ...

အိပ်မက်တွေနဲ့ ... ဘာကြောင့် ခြောက်လှန့်နေသလဲ။ အိပ်ရမှာပင် တစ်ခါတလေ သူစိုးရွံ့လာသည်။ အိပ်မက်ပင် ဖြစ်သော်လည်း ညီမလေး မျက်ရည်တွေက သူ့ကို သေလောက်အောင်ပင် နာကျင်စေခဲ့သည်။

ညီမလေး အသက်ရော ရှင်ပါသေးရဲ့လား ... အတွေးနှင့်တင် ရင်တွေ ကွဲလုမတတ် ဖြစ်ရသည်။ ဘယ်လိုမှ လက်မခံနိုင်ပါ။ ညီမလေးနှင့်အတူ စိတ်ကူးထားသည့် အိပ်မက်တွေ အကောင်အထည် ဖော်ရဦးမည်။ သူစွဲမလျှော့ပါ။

မြနန်းစံတော်ကို ဝင်ထွက်သွားလာနိုင်သည့် ဆရာဝန်နှင့် ရင်းနှီးအောင် နည်းအမျိုးမျိုးဖြင့် သူကြိုးစား ခဲ့သည်။ သို့သော်ဆရာဝန်က မြနန်းစံတော် ရောက်သို့ ရောက်လာသည်မှာ တစ်နှစ်ကျော်သာ ရှိသေးသည်။ မိသားစု ဆရာဝန် ဆုံးသွားသဖြင့် ဆွေမျိုးတော်စပ်သည့် ဒီဆရာဝန်ကို အစား ထိုးထားခဲ့ခြင်းပင်။ သို့သော် ... ကံတရားက သူ့ကို ဖေးမခဲ့ပါသည်။

"ညီရေ အကူအညီတောင်းရမှာပဲ ကိုယ့်ကို ဆရာမတစ်ယောက်လောက် ရှာပေးပါလား မြနန်းစံတော်မှာ ကလေးနှစ်ယောက် စာပြဖို့လိုနေတယ် သိတဲ့အတိုင်း မြို့ကလူတွေက မြနန်းစံတော်ဆို အလကားနေ ကြောက်လန့်နေတော့ အဆင်မပြေဘူး သခင်ကြီး ကိုယ်တိုင် အကူအညီ တောင်းထားတော့

အရေးကြီးတယ် ဒီကြားထဲ ကိုယ့်မိန်းမက နေမကောင်းဖြစ်နေတော့ ရှာဖို့ အဆင်မပြေ ဖြစ်နေတာ"

"ဟာ ကူညီရမှာပေါ့ ... စိတ်ချပါ"

ရေငတ်တုန်း ရေတွင်းထဲ ပြုတ်ကျသလို သူဝမ်းသာမိလေခြင်း။ ဘာရယ် ကြောင့်မှန်းမသိ ဆရာဝန်က မှာခဲ့သေးသည်။

"အေးဗျာ ... ကျေးဇူးတင်လိုက်တာ ကလေးချစ်တတ်ပြီး ဆရာမကို အတတ်နိုင်ဆုံး ချောချာလှလှလေး ရှာပေးပါဗျာ"

ဘာပဲဖြစ်ဖြစ် ... ရလာသည့်အခွင့်အရေးကို သူလက်လွှတ်မခံ နိုင်ပါ။ အလုပ်ခေါ်စာ တင်လိုက်သည်။ လာလျှောက်သည့်ထဲမှ ချောသည်ထင်သည့် လူများကို ရွေးထုတ်သည်။

ထို့နောက် တစ်ယောက်ချင်းဆီ၏ နောက်ကြောင်းကို အပင်ပန်းခံပြီး စုံစမ်းသည်။ သူကောင်းစွာ ထိန်းချုပ်နိုင်မည့် လူလိုအပ်နေသည် မဟုတ်လား သူ့အတွက် အကောင်းဆုံး ပစ်မှတ်ဖြစ်လာသည်က အက္ခရာမေ ဆိုသည့် မိန်းမချောလေး ...။

မိထွေး၏မကြည်ဖြူမှုတွေနှင့်အတူ မျက်မမြင် မောင်လေးအတွက် ရုန်းကန်နေရှာသည့် မိန်းကလေး ... သူမအရမ်းချစ်သည့် မောင်လေးက သူ ချုပ်ကိုင်နိုင်မည့် အားနည်းချက် တစ်ခုဆိုတာ သေချာသည်။ သူ့အတွေးတွေ က အတ္တဆန်ကောင်း ဆန်နေမည်။

မတတ်နိုင်ပါ ... သူ့အတွက် ခုချိန် အရေးကြီးဆုံးက ညီမလေး ... နှင်းဆီ ဆူး။

ထို့ကြောင့် ကျန်လူအားလုံးက ပယ်ချပစ်ပြီး အက္ခရာမေ တစ်ယောက်သာ သူခေါ်တွေ့ခဲ့သည်။ မောင်လေးဆိုသည့် အသံကြားသည်နှင့် မျက်နှာလေး

ဖြူဆုတ်ကာ အားနည်းသွားသည့် မျက်ဝန်းတစ်စုံက သူ့အတွက် အကောင်းဆုံး အဖြေဖြစ်မည်သာ။

"တီ ... တီ ... တီ"

အတွေးမဆုံးမီ ဝင်လာသည့် ဖုန်းသံကြောင့် သူကောက်ကိုင်လိုက်တော့ ...

"ကိုယမ်းစက်ရှင် ... ကျွန်မအကန္ခရာမေပါ"

သူ့နှုတ်ခမ်းတွေက ကျေနပ်စွာ ပြုံးမိနေလျက် ...

***